## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းစံပြကျေးရွာ၏ လူမှုစီးပွားရေးကိုပထဝီဝင်ရှုထောင့်မှ စီစစ်လေ့လာခြင်း


ဒေါက်တာခင်စန်းဝေ

ပါမောက္ခ၊ဌာနမှူး ပထဝီဝင်ဌာန


### စာတမ်းအကျဉ်း


ဤစာတမ်းသည် ရှမ်းကလေးကျွန်းစံပြကျေးရွာ၏ လူမှုရေးအခြေအနေနှင့် စီးပွားရေးလုပ်ငန်းများအား စီစစ်လေ့လာထားခြင်းဖြစ်ပါသည်။ ဤကျေးရွာသည် ထူးခြားကောင်းမွန်သော ပထဝီဝင်အခြေခံကို ပိုင်ဆိုင်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ မုတ်သုန်ကာလအတွင်း ဧရိယာတစ်ခုလုံး ရေလွှမ်းမိုးသောကြောင့် ဆောင်းမြေပဲနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးသည် အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည်။ သို့သော် စိုက်ပျိုးရေးလုပ်ငန်းသည် ဖလ အတွင်းသာ လုပ်ကိုင်နိုင်သည်။ တစ်နှစ်ပတ်လုံးဝင်ငွေရရှိရန်အတွက် အချို့သောရွာသားများက လက်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကိုပါ လုပ်ကိုင်လာကြသည်။ ဤ လုပ်ငန်းများသည် တောင်သူမိသားစု၏ လူငယ်လူရွယ်များအတွက် စိုက်ပျိုးရေးနားချိန် တွင်လုပ်ကိုင်သော အချိန်ပိုင်းလုပ်ငန်းများဖြစ်လာသည်။ ဤကျေးရွာ၏ စီးပွားရေး လုပ်ငန်းများကို ပထဝီဝင်ဆိုင်ရာအချက်များ၊ လူမှုရေးဆိုင်ရာအချက်များနှင့် စီးပွားရေး ဆိုင်ရာ အချက်များဖြစ်သော အရင်းအနှီး၊ ဝယ်လိုအား၊ ဈေးကွက်၊ သွားလာရေး လွယ်ကူအဆင်ပြေမှု စသည့်အချက်များက လွှမ်းမိုးထားကြောင်း တွေ့ရှိရသည်။